KAREN
RIVERS
WATCH
ကညီတၢ်ကွၢ်ထွဲကပၤကယၢ်ထံကျိထံကွာ်

အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများထိန်းသိမ်းရေးနေ့ (၂၀၁၉)

ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးအဖွဲ့

**အကြီးစားရေကာတာများသည် ပဋိပက္ခဖြစ်ပွားစေရန် တွန်းပို့နေပြီး ပြည်သူလူထုများ၏ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှု စွမ်းအားကို ယုတ်လျော့စေခြင်း။**

ယနေ့တွင် ကျွန်ုပ်တို့ကရင် လူမျိုးများ၏အသက်သွေးကြောတခုဖြစ်ပြီး လွတ်လပ်စွာစီးဆင်းနေသည့် ကြီးကျယ်ခမ်းနားသော သံလွင်မြစ်၏ကမ်းပါးပေါ်တွင် ထိုမြစ်အားလေးစားဂုဏ်ပြုရန်၊ နှင့်ကျွန်ုပ်တို့မြစ်များပေါ်တွင် အကြီးစားရေကာတာများ ဆောက်လုပ်ရေး အဆိုပြုချက်များအားလုံးကို လုံးဝဖျက်သိမ်းစေရန်အတွက်တောင်းဆိုရန် ကျွန်ုပ်တို့အတူတကွ စုစည်းကြသည်။

သံလွင်မြစ်ပေါ်တွင် ပြည်ထောင်စုအစိုးရမှ အဆိုပြုထားသော ဟတ်ကြီးရေကာတာသည် ကျွန်ုပ်တို့ ဘိုးဘွားပိုင်နယ်မြေများ ရေလွှမ်းမိုးစေရန် နှင့် ပျက်သုန်းစေရန်၊ ကျွန်ုပ်တို့ အမွေအနှစ်များကို ထာဝရ ပျောက်ကွယ် ဆုံးရှုံးစေရန်၊ နှင့် ပဋိပက္ခများ နှင့် မလုံခြုံမှုများကို ဖြစ်ပေါ်ရန် တွန်းအားပေး ခြိမ်းခြောက်လျက်ရှိသည်။ ကျွန်ုပ်တို့ ကရင် လူမျိုးများ အတွက် ဟတ်ကြီးရေကာတာ သည် အကြမ်းဖက်သော သင်္ကေတ တစ် ခု ဖြစ်သည်။

"ငြိမ်းချမ်းရေးတည်ဆောက်နေတယ်လို့ပြောကြတဲ့ဒီအချိန်မှာ ဟတ်ကြီးစီမံကိန်းလို အကြီးစားရေကာတာတွေဟာ ထောင်ချီတဲ့လူပေါင်းများစွာကို ပြည်တွင်းနေရပ်စွန့်ခွာသူဘဝနဲ့ ဒုက္ခသည်ဘဝသို့ အဓမ္မတွန်းပို့နေတယ်၊ လူတွေကို သူတို့ရဲ့ အိမ်တွေကနေ အခြေအနေမဲ့ဖြစ်စေပြီး ဌာနေတိုင်းရင်းသားတွေရဲ့ နယ်မြေတွေလည်းကို အမြစ်ဖြတ်ဆုံးရှုံးစေတယ်၊ ပဋိပက္ခကို ဖြစ်ပွားစေတယ်" ဟု ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးအဖွဲ့ ၏ တာဝန်ခံ စောသာဖိုးမှ ထုတ်ဖော်ပြောခဲ့သည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလ၌ ဘားအံခရိုင် (လှိုင်းဘွဲ့မြို့နယ်)၊ လူးပလယ်မြို့နယ်တွင် ဗမာစစ်တပ်ဦးဆောင်သော နယ်ခြားစောင့်တပ်မှ ရေကာတာတည်ရှိသော ဧရိယာနယ်မြေများကို စစ်တပ်မှထိန်းချုပ်နိုင်ရန် လုပ်ဆောင်ခဲ့မှုကြောင့် ဟတ်ကြီးရေကာတာတည်ရှိရာသို့ ဦးတည်နေသောအရှေ့ဘက်လမ်းမတစ်လျှောက်တွင် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုမှာ နှစ်ပတ်ကျော်ကြာမြင့်ခဲ့ပြီး ကျေးရွာပေါင်း(၂၈) ရွာမှ ရွာသား (၅၀၀၀) ကျော်သည် မိမိတို့ အိုးအိမ်များကို စွန့်ခွာရကာ နယ်ခြားစောင့်တပ်နှင့် ဗမာစစ်တပ်၏ ထိန်းချုပ်မှုနယ်မြေများအောက်သို့ ပြောင်းရွှေ့ရန် အဓမ္မဖိအားပေးခံခဲ့ရသည်။ ယခုအချိန်တွင် ရာပေါင်းများစွာသောမိသားစုများ သည် ပဋိပက္ခကြောင့် အိုးအိမ်အခြေအနေမဲ့ဖြစ်ကာ လုံလောက်သော အစားအစာ၊ ဆေးဝါး သို့မဟုတ် လူသားချင်းစာနာသည့်ပံ့ပိုးများ မရရှိပဲ မြိုင်ကြီးငူမြို့တွင် ကျဉ်းမြောင်းသော နေစရာနေရာလေးများတွင် ဆက်လက်ဒုက္ခခံစားနေရသည်။

"ကျွန်မ တကယ်ပဲ အိမ်ကို ပြန်ချင်တယ် ဒါပေမဲ့ မပြန်ရဲဘူး။ တိုက်ပွဲတွေကြောင့် ကြောက်တယ်။ မြိုင်ကြီးငူစစ်ရှောင်နေရာကို ခိုလှုံဖို့လာခဲ့တယ် ဒါပေမယ့် ဒီနေရာက ကျွန်မတို့ ရွာနဲ့ လုံးဝကွာခြားတယ်။ ကျွန်မတို့ရွာတွေမှာလို ကျွန်မတို့ မနေနိုင်၊ မစားနိုင်၊ ဒါမှမဟုတ် သွားလာတာ မလုပ်နိုင်ဘူး။ ဒီမှာ နေတာက ကျွန်မတို့ ထောင်ထဲမှာ နေရသလိုပဲ။" ဟု ကရင်မြစ်ချောင်းများစောင့်ကြည့်ရေး အဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးတစ်ဦးမှ ပြောကြားခဲ့သည်။

မြိုင်ကြီးငူပြည်တွင်းနေရပ်စွန့်ခွာရသူများစခန်း (စစ်ရှောင်ဒေသ) သို့ အဓမ္မပြောင်းရွှေ့လာခဲ့ရသည့် အထက်ပါစစ်ဘေးရှောင်များသည် မြန်မာနိုင်ငံ၏ ရာစုနှစ်များစွာကြာဖြစ်ပွားသည့်ပြည်တွင်းစစ်တွင် ပိတ်မိနေသည့် တိုင်းရင်းသားလူမျိုးများ ကြုံတွေ့ခံစားနေရသည့် အခက်အခဲနှင့်ရုန်းကန်လှုပ်ရှားမှုများနည်းတူ ရင်ဆိုင်ရလျက်ရှိသည်။ အလားတူပင် သံလွင်မြစ်နံဘေး၊ ထိုင်းနှင့်ကရင်ပြည်နယ်နယ်စပ်၌ တည်ရှိနေသည့် အီးတူထာပြည်တွင်းနေရပ်စွန့်ခွာသူများစခန်း (စစ်ရှောင်စခန်း) ရှိ ကရင်လူမျိုးများမှာလည်း ၎င်းတို့၏ကျေးရွာများဒေသအထိ ရောက်ရှိလာခဲ့သော မြန်မာတပ်မတော်၏ စစ်ဆင်ရေးများ

ကြောင့် ၂၀၀၆ ခုနှစ်မှစ၍ ၎င်းတို့ ဘိုးဘွားပိုင်နယ်မြေများကို အဓမ္မစွန့်ခွာ ထွက်ပြေးခဲ့ရသူများဖြစ်သည်။ တချိန်ချိန်တွင် တာတမံတုတ်ခြင်းခံရမည့် သံလွင်မြစ်ကြီးနံဘေးတွင် အိမ်ပြန်ရန်လုံခြုံမှုမရှိသည့်အခြေအနေ၌ အီးတူထာစခန်းတွင် နေထိုင်နေသည့် အဆိုပါပြည်သူများမှာ လူသားခြင်းစာနာမှုအထောက်အပံများ ကြီးမားစွာဖြတ်တောက်ခံနေရလျက် မေ့လျော့ချန်ထားခြင်းခံနေရသူများဖြစ်သည်။

ဟတ်ကြီးရေကာတာစီမံကိန်းဧရိယာ၏ မြစ်ကြောင်းအထက်ပိုင်း၊ မူတြော် ခရိုင် (ဖာပွန်) အတွင်း စီမံကိန်းရေလွှမ်းမိုးမှုဧရိယာ၏တိုက်ရိုက်လမ်းကြောင်းပေါ်တွင်ရှိနေကြသည့် ဌာနေကရင်တိုင်းရင်းသားလူမှုအသိုင်းအဝိုင်းများသည် ငြိမ်းချမ်းရေးအား အောက်ခြေမှအထက်လမ်းကြောင်းပုံစံဖြင့် ရဲရင့်ထင်ရှားစွာ တည်ဆောက်လျက်ရှိသည်။ ၎င်းမှာ အများသိကြသောသံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဖြစ်ပြီး ကရင်လူမျိုးများ၏ဓလေ့ထုံးတမ်းယဉ်ကျေးမှုအစဉ်အလာများ၏လမ်းညွှန်မှုနှင့်အညီ ဒေသအခြေပြုသဘာဝဇီဝထိန်းသိမ်းစောင့်ရှောက်ခြင်းဓလေ့ထုံးတမ်းများ၊ ဗဟိုထိန်းချုပ်မှုလျော့ချသော ဒေသခံဦးဆောင်စွမ်းအင်စီမံကိန်းများနှင့် ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များကို ကိုပေါင်းစပ်ထားသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် စစ်ဘေးဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ၎င်းတို့ နေရပ်ပြန်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းပြန်လည်တည်ဆောက်လုပ်ကိုင်ရန်အတွက် လုံခြုံသောနေရာတစ်ခုကို ဖန်တီး ရန် ရည်ရွယ်သည်။

အစိုးရသစ်လက်ထက်မှစ၍ သုံးနှစ်တာကာလတွင် စစ်မှန်သောဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးသို့ ဦးတည်မှုသည် တိုးတက်မှုအနည်းငယ်သာ ရှိနေသည်။ အကြီးစားရေအားလျှပ်စစ်ရေကာတာများကဲ့သို့သော သဘာဝအရင်းအမြစ်အဓိကအခြေပြုသုံးသည့် စက်မှုလုပ်ငန်းများတွင် အကြီးစားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက်သာ ပြည်ထောင်စုအစိုးရတွင် အာရုံစိုက်လုပ်ဆောင်မှုများပိုနေသည်။ ဤအခြေအနေတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကဲ့သို့ ရှိနှင့်ထားသည့်လူထုဦးဆောင်ပါဝင်စီမံခန့်ခွဲမှုပုံစံစနစ်များက ပြည်တွင်းစစ်ကြောင့် အများဆုံးထိခိုက်ခံစားရသော လူမှုအသိုင်းအဝိုင်းများ၏ ပြင်းပြသောဆန္ဒနှင့်ရည်ရွယ်ချက်များအပေါ် အခြေတည်သောငြိမ်းချမ်းရေးကို ဖေါ်ဆောင်စေနိုင်မည့် အခွင့်အလမ်းကို ဖန်တီးပေးလျက်ရှိသည်။

ဆုံးဖြတ်ချက်ချမှုနှင့် စီမံခန့်ခွဲမှုဖြစ်စဉ် အဆင့်အားလုံး၌ တိုင်းရင်းသားများ၏ အုပ်ချုပ်စီမံမှုစနစ်များကို စစ်မှန်စွာ အသိအမှတ်ပြုရန်နှင့် လေးစားရန်ကျွန်ုပ်တို့မှ တောင်းဆိုသည်။ မြန်မာနိုင်ငံရှိ ဟတ်ကြီးရေကာတာနှင့် အခြားအားလုံးသော အကြီးစားရေကာတာများအတွက် ပံ့ပိုးမှုများပေးနေသည့် ရင်းနှီးမြှုပ်နှံသူများအားလုံးကို ၎င်းတို့၏ထောက်ပံ့ရင်းနှီးမြုပ်နှံမှုများအား ရုတ်သိမ်းရန်အတွက်လည်း ကျွန်ုပ်တို့မှ တောင်းဆိုပါသည်။ ထိုမှသာ ပြည်တွင်းစစ်ကြောင့် သက်ရောက်မှုအများဆုံး ခံစားခဲ့ရသူများမှ စစ်မှန်သော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေး၌ ဦးဆောင်ပါဝင်အားထုတ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**ဆက်သွယ်ရန်**


နော်ဆာမူး +66 (0)979958177 (ထိုင်းဖုန်း), ကရင်နှင့် အင်္ဂလိပ်ဘာသာ
စောသာဘိုး +95 (0)9750115992 (မြန်မာဖုန်း)၊ ကရင် မြန်မာ နှင့် အင်္ဂလိပ်ဘာသာ
စောဖေါလ်စိန်ထွား +66 (0)817247093 (ထိုင်းဖုန်း), ကရင်နှင့် အင်္ဂလိပ်ဘာသာ